ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်

ဖုန်း- ၀၆၇ -၊ ၃၁၀၀၄၈ ၊ ၃၁၀၂၅၄ ၊ ၃၁၀၅၆၄၊ဖက်(စ်) -၀၆၇- ၃၁၀၀၄၇ ၊အီးမေးလ်- frd34@frdmyanmar.com ၊insurance.frd@gmail.com

# ညွှန်ကြားလွှာ

အမှတ် (၇ / ၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊နယုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၇ ခုနှစ် ၊ ဇွန်လ ၂၂ ရက်)

## အာမခံကိုယ်စားလှယ် သင်တန်းဖွင့်လှစ်ခြင်းကိစ္စ

၁။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (၁၉၉၆)၊ အခန်း (၄) ပုဒ်မ(၇) ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သည် အာမခံ ကိုယ်စားလှယ်များအား စနစ်တကျ မှတ်ပုံတင်ရေးနှင့် အသိအမှတ်ပြုရေး၊ အာမခံ ကိုယ်စားလှယ် များ၏ အရည်အချင်း မြင့်မားစေရေးတို့အတွက် အာမခံကိုယ်စားလှယ် သင်တန်းများ ဖွင့်လှစ်ခြင်း နှင့် ကိုယ်စားလှယ် ခန့်အပ်လွှာ ထုတ်ပေးခြင်းတို့ကို အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ စီမံဆောင်ရွက်စေမည် ဖြစ်ပါသည်။

၂။ ဤညွှန်ကြားလွှာ ထုတ်ပြန်ခြင်း မပြုမီ မြန်မာ့အာမခံလုပ်ငန်းမှ ထုတ်ပေးထားသည့် အာမခံ ကိုယ်စားလှယ် လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသူများသည် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးမည့် လိုင်စင်များကို ပြန်လည်လျှောက်ထားရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာ့အာမခံလုပ်ငန်းမှ ထုတ်ပေးထားသည့် အာမခံကိုယ်စားလှယ် လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသူများသည် လိုင်စင်အသစ် ရရှိနိုင်ရန် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံး (ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ နေပြည်တော်) သို့ ၂၀၁၇ **ခုနှစ်၊ ဇူလိုင်လ (၃၁) ရက် နောက်ဆုံးထား၍** ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က အသိအမှတ်ပြုလိုင်စင် ထုတ်ပေးထားသည့် အာမခံကိုယ်စားလှယ်များကိုသာ ခန့်အပ်ဆောင်ရွက်ကြရန် ညွှန်ကြားပါသည်။

၂၂.၆.၂၀၁၇

ဥက္ကဋ္ဌ (ကိုယ်စား)
(မြင့်ဦး ၊ အတွင်းရေးမှူး)

| | |
|---|---|
| မြန်မာ့အာမခံလုပ်ငန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန<br>ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး | အာမခံ ကိုယ်စားလှယ်များအား အကြောင်းကြားပေးပါရန် ညွှန်ကြားအပ်ပါသည်။ |

မိတ္တူကို

| | |
|---|---|
| - ပြည်ထောင်စုဝန်ကြီးရုံး၊<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>- ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | သိသာနိုင်ပါရန် တင်ပြအပ်ပါသည်။ |